| စဉ် | သင်ခန်းစာအမည် | စာသင်ချိန် | နယ်ပယ် | လပိုင်းခွဲဝေမှု |
|---|---|---|---|---|
| ၈ | ကြိုးခုန်ခြင်း | ၆ ချိန် | ကျန်းမာကြံ့ခိုင်ရေးလေ့ကျင့်ခန်း | စက်တင်ဘာလစတုတ္ထပတ်<br>အောက်တိုဘာလပထမပတ်<br>အောက်တိုဘာလဒုတိယပတ် |
| ၉ | ဝိုင်းပတ်ခုန်ကျော်ကစားနည်း | ၂ ချိန် | စုပေါင်းကစားနည်း | အောက်တိုဘာလတတိယပတ် |
| ၁၀ | ကွင်းဖြတ်ကျော်ကစားနည်း | ၂ ချိန် | စုပေါင်းကစားနည်း | နိုဝင်ဘာလပထမပတ် |
| ၁၁ | မျက်လုံးကိုအဝတ်စည်းကစားနည်း | ၂ ချိန် | စုပေါင်းကစားနည်း | နိုဝင်ဘာလဒုတိယပတ် |
| ၁၂ | နံပါတ်ရှင်နေရာပြောင်းကစားနည်း | ၂ ချိန် | စုပေါင်းကစားနည်း | နိုဝင်ဘာလတတိယပတ် |
| ၁၃ | တည်ဆောက်ကစားနည်း | ၄ ချိန် | ယှဉ်ပြိုင်ကစားနည်း | နိုဝင်ဘာလစတုတ္ထပတ်<br>ဒီဇင်ဘာလပထမပတ် |
| ၁၄ | သုံးချောင်းထောက်ပြေးကစားနည်း | ၄ ချိန် | ယှဉ်ပြိုင်ကစားနည်း | ဒီဇင်ဘာလဒုတိယပတ်<br>ဒီဇင်ဘာလတတိယပတ် |
| ၁၅ | စာအုပ်ပေါ်ဘောလုံးတင်ပြေးကစားနည်း | ၄ ချိန် | ယှဉ်ပြိုင်ကစားနည်း | ဇန်နဝါရီလပထမပတ်<br>ဇန်နဝါရီလဒုတိယပတ် |
| ၁၆ | ခြေကျော်ပြေးပြိုင်ကစားနည်း | ၄ ချိန် | ယှဉ်ပြိုင်ကစားနည်း | ဇန်နဝါရီလတတိယပတ်<br>ဇန်နဝါရီလစတုတ္ထပတ် |
| ၁၇ | ဘောလုံးပစ်ထည့်ကစားနည်း | ၄ ချိန် | ယှဉ်ပြိုင်ကစားနည်း | ဖေဖော်ဝါရီလပထမပတ်<br>ဖေဖော်ဝါရီလဒုတိယပတ် |
| | အရန်စာသင်ချိန် | ၈ ချိန် | | |
| | **စုစုပေါင်း** | **၇၂ ချိန်** | | |

## ၁.၄။ စစ်ဆေးအကဲဖြတ်ခြင်း

တတိယတန်း ကာယပညာဘာသာရပ်တွင် သင်ယူစဉ်စစ်ဆေးအကဲဖြတ်ခြင်းကိုသာ အဓိကထည့်သွင်းထားပါသည်။ သင်ကြားသင်ယူနေစဉ်တွင် ဆရာက ကလေးများ၏လုပ်ဆောင်ချက်များကို စာသင်ချိန်အလိုက်ဖော်ပြထားသော သင်ကြားသင်ယူမှုဦးတည်ချက်များအပေါ်အခြေခံ၍ စစ်ဆေးအကဲဖြတ်ခြင်းဇယားကိုစစ်ဆေးနိုင်ပြီး တစ်ဦးချင်း အကောင်းမြင်တုံ့ပြန်ချက်များပေးရမည်။ ကလေးအများစုသည် စစ်ဆေးခြင်းရလဒ်အရ သင်ခန်းစာဦးတည်ချက်ကို မရောက်ရှိပါက ဆရာက ပြန်လည်သင်ကြားပေးရမည်။

စစ်ဆေးအကဲဖြတ်ခြင်းတွင် မေးခွန်းများမေး၍ မိမိကိုယ်ကိုစစ်ဆေးအကဲဖြတ်ခြင်း၊ ကျောင်းသားအချင်းချင်း စစ်ဆေးအကဲဖြတ်ခြင်းနှင့် ဆရာက လေ့လာခြင်းဖြင့်စစ်ဆေးအကဲဖြတ်ခြင်းဟူ၍ စစ်ဆေးအကဲဖြတ်ခြင်းအမျိုးမျိုးကို ထည့်သွင်းထားပါသည်။ ကလေးများ မိမိကိုယ်ကိုစစ်ဆေးအကဲဖြတ်နိုင်ရန် မေးခွန်းများကို ကျောင်းသုံးစာအုပ်တွင် သင်ခန်းစာ အခန်းတစ်ခန်းချင်းစီ၏ နောက်ဆုံး၌ ဖော်ပြထားပါသည်။ ကျောင်းသားအချင်းချင်း စစ်ဆေးအကဲဖြတ်ရာတွင် ဆရာလမ်းညွှန်စာသင်ချိန်တစ်ခုချင်းစီတွင် ဖော်ပြထားသော စစ်ဆေးအကဲဖြတ်ခြင်း လမ်းညွှန်ချက် (ဇယား)ကို အခြေခံကာ ဆရာက ကလေးများနားလည်လွယ်ကူစေသော စကားလုံးများဖြင့်ရှင်းပြ၍ သူငယ်ချင်းများ၏လုပ်ဆောင်ချက်ကို ကြည့်ရှုလေ့လာစေကာ အားဖြည့်သုံးသပ်ချက်များပေးခြင်းနှင့် ကူညီပံ့ပိုးခြင်းများပြုလုပ်စေရမည်။ ဆရာကလေ့လာခြင်းဖြင့်စစ်ဆေးအကဲဖြတ်ရာတွင် ဆရာလမ်းညွှန် စာသင်ချိန်တစ်ခုချင်းစီတွင် ဖော်ပြထားသော စစ်ဆေးအကဲဖြတ်ခြင်းလမ်းညွှန်ချက် (ဇယား)များဖြင့် စစ်ဆေးအကဲဖြတ်ရမည်။ စစ်ဆေးအကဲဖြတ်ရာတွင် အရေးကြီးဆုံးအချက်မှာ ဆရာနှင့် ကျောင်းသားများကြားတွင် စစ်ဆေးအကဲဖြတ်ရမည့်အချက်ကို နှစ်ဦးစလုံး ကောင်းစွာ နားလည်သဘောပေါက်ရမည်။

စစ်ဆေးအကဲဖြတ်ခြင်းပုံစံအမျိုးမျိုးကို ဆရာလမ်းညွှန်စာအုပ်တွင် နောက်ဆက်တွဲများဖြင့် ဖော်ပြထားပါသည်။ နောက်ဆက်တွဲ(က) **စစ်ဆေးခြင်းရမှတ်ဇယား** သည် ဆရာကလေ့လာခြင်းဖြင့် စစ်ဆေးအကဲဖြတ်ရာတွင် အသုံးပြုနိုင်ရန် စာသင်ချိန်တစ်ခုချင်းစီအလိုက် စစ်ဆေးအကဲဖြတ်နိုင်ရန် ထည့်သွင်းထားပါသည်။ ဆရာက ကျောင်းသားတစ်ယောက်ချင်းစီ၏ လုပ်ဆောင်ချက်ကို ကြည့်ရှုလေ့လာကာ စစ်ဆေးခြင်းရမှတ်ဇယားတွင် မှတ်တမ်းတင်ထားနိုင်သည်။ ကျောင်းသားများအခက်အခဲဖြစ်နေပါက ဆရာကကူညီရမည်။ ဆရာက ကျောင်းသားများ၏ လုပ်ဆောင်ချက်များကို စစ်ဆေးရာတွင် အကျိုးသက်ရောက်မှု

နယ်ပယ်ကြီး ၄ ခုစလုံးအား စစ်ဆေးသင့်သည်။ အောက်ဖော်ပြပါ စစ်ဆေးအကဲဖြတ်ခြင်းဇယားတွင် အကျိုးသက်ရောက်မှု နယ်ပယ်ကြီး ၄ ခုအား မည်သို့စစ်ဆေးရမည်ကို ဖော်ပြထားပါသည်။ စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များ(ဇယား) ကို စာသင်ချိန်တစ်ခုချင်းစီတွင် ဖော်ပြထားသည်-

**စစ်ဆေးအကဲဖြတ်ခြင်းဇယား**

| နယ်ပယ် | အကဲဖြတ်မည့် အချက်အလက်များ |
|---|---|
| **ခံစားမှုဆိုင်ရာ အကျိုးသက်ရောက်မှုနယ်ပယ်** | သင်ကြားသင်ယူနေစဉ်နှင့်သင်ကြားခြင်းအပြီးတွင် ကလေးများ၏ပျော်ရွှင်မှုနှင့် သင်ခန်းစာတွင် တက်ကြွစွာပါဝင်မှု ရှိ၊ မရှိ ကြည့်ရှုလေ့လာပြီး အကဲဖြတ်ရမည်။ |
| **လှုပ်ရှားမှုဆိုင်ရာ ကျွမ်းကျင်မှုနယ်ပယ်** | ကလေးများက ကိုယ်ကာယလှုပ်ရှားမှုဆိုင်ရာနည်းစနစ်များ၊ ကစားနည်းများနှင့်ပတ်သက်သည့် ကစားနည်းစည်းမျဉ်းများအတိုင်း မှန်ကန်စွာလုပ်ဆောင်နိုင်မှု ရှိ၊ မရှိ ကိုကြည့်ရှုလေ့လာပြီး အကဲဖြတ်ရမည်။ |
| **သိမှုဆိုင်ရာ နားလည်အသုံးချမှုနယ်ပယ်** | ကလေးများ ကိုယ်ကာယလှုပ်ရှားမှုများဆောင်ရွက်ရာတွင် ဆရာ၏ သရုပ်ပြ ရှင်းလင်းချက်များ၊ နည်းစနစ်များနှင့် ကစားနည်းစည်းမျဉ်းများကို နားလည်သဘောပေါက်ပြီး ပြန်လည်ရှင်းပြနိုင်ခြင်း ရှိ၊ မရှိကို ကြည့်ရှုလေ့လာပြီး အကဲဖြတ်ရမည်။ |
| **လူမှုရေးဆိုင်ရာနယ်ပယ်** | ကလေးများအချင်းချင်း တစ်ဦးနှင့်တစ်ဦး လေးစားတန်ဖိုးထားတတ်ခြင်း၊ အခြားသူများ၏ မတူကွဲပြားသည့် လုပ်ဆောင်နိုင်မှု၊ ထင်မြင်ယူဆချက်နှင့် အပြုအမူ၊ အပြောအဆို မတူညီချက်များကို လက်ခံတတ်ခြင်း၊ လုပ်ဆောင်မှုအားနည်းသူကို အားပေးကူညီတတ်ခြင်း၊ အများနှင့်ပူးပေါင်းဆောင်ရွက်တတ်ခြင်းစသည့် အပြုအမူများကို ကြည့်ရှုလေ့လာအကဲဖြတ်ရမည်။ |

နောက်ဆက်တွဲ(ခ)သည် မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်ခြင်းအတွက်ဖြစ်ပြီး ဆရာက မိတ္တူကူး၍ဖြစ်စေ၊ ဆရာကိုယ်တိုင်ပြုလုပ်၍ဖြစ်စေ ကျောင်းသားများအား ပေးရမည်။ ဆရာက ကျောင်းသုံးစာအုပ်ပါ မေးခွန်းများကို ဖတ်ပြခြင်း၊ ရှင်းပြခြင်း ပြုလုပ်ပေးရမည်။ မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်ခြင်းတွင် ကျောင်းသားများက ဖော်ပြပါ မျက်နှာရုပ်ပုံများဖြစ်သည့် ( ကြိုးစားဆဲကာလ၊  ကျေနပ်နှစ်သိမ့်မှုအဆင့်၊  အကောင်းဆုံး)တွင် မိမိတို့၏အမြင်ကို အမှန်(✔)ခြစ်ရမည်။ ကျောင်းသားများက မိမိတို့၏အမြင်ကို ဖြေကြားပြီးနောက် ဆရာက ကျောင်းသားများအား အားဖြည့်သုံးသပ်ချက်များ ပေးရမည်။

သင်ခန်းစာတစ်ခုပြီးဆုံးတိုင်း နောက်ဆက်တွဲ(က)နှင့် နောက်ဆက်တွဲ(ခ)ကို နောက်ဆက်တွဲ(ဂ)ရှိ သက်ဆိုင်ရာကော်လံများတွင် စစ်ဆေးအကဲဖြတ်ခြင်း အနှစ်ချုပ်အဖြစ် ဆရာက ဖြည့်သွင်းရမည်။ ဆရာက ၎င်းမှတ်တမ်းကို နောက်သင်ခန်းစာများ သင်ကြားရာတွင် ပိုမိုကောင်းမွန်အောင် မှတ်တမ်းတင်ရာ၌လည်းကောင်း၊ စာသင်နှစ်ကုန်ဆုံးသွားပါက စတုတ္ထတန်းဆရာကို လွှဲအပ်ပေးနိုင်ရန်လည်းကောင်း မှတ်တမ်းတင်ထားရှိရခြင်းဖြစ်သည်။ နောက်ဆက်တွဲ(ဂ)သည် သင်ခန်းစာတစ်ခုစီအတွက် မိမိကိုယ်ကိုစစ်ဆေး အကဲဖြတ်ခြင်းမှတ်တမ်းနှင့် ဆရာက ကြည့်ရှုလေ့လာခြင်းဖြင့် စစ်ဆေးအကဲဖြတ်ခြင်းများကို ဖော်ပြထားပါသည်။

ကျောင်းသားအချင်းချင်း စစ်ဆေးအကဲဖြတ်ခြင်းအတွက် မှတ်တမ်းတင်ရန်မထားဘဲ ဆရာက ဆရာလမ်းညွှန် သင်ခန်းစာတစ်ခုချင်းစီတွင် ဖော်ပြထားသော စစ်ဆေးအကဲဖြတ်ခြင်းလမ်းညွှန်ချက်များ(ဇယား) ကို အခြေခံကာ ကျောင်းသားများအချင်းချင်း တစ်ဦးကိုတစ်ဦးကြည့်ရှုလေ့လာစေခြင်းဖြင့် ကူညီပံ့ပိုးစေရမည်။